**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**နေပြည်တော်**

ကုန်သွယ်ပွဲ့ပိုးမှုမြန်မာကုမ္ပဏီလီမိတက်မှ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖယ်ပီဟူးဒေသရှိ မြေဧရိယာ(၄၉.၅)ဧက ကျယ်ဝန်းသောလုပ်ကွက်တွင် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် ခနောက်စိမ်းသတ္တု အသေးစားမှအလတ်စားသို့ ကူးပြောင်းထုတ်လုပ်ခြင်းလုပ်ငန်း အတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) အစီရင်ခံစာ၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်**
**(Environmental Compliance Certificate – ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၄၁၈ )    ရက်စွဲ ။ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC)ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – ဦးမျိုးသန်း<br>မန်နေးဂျင်းဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | – အမှတ်၂၇၄)၊ အခန်းအမှတ်(၁၁)၊ (၇)ရပ်ကွက်၊<br>ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး<br>09-260602976<br>ကုန်သွယ်ပို့ပိုးမှုမြန်မာကုမ္ပဏီလီမိတက် |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – ခနောက်စိမ်းသတ္တု အသေးစားမှ အလတ်စားသို့ ကူးပြောင်းထုတ်လုပ်ခြင်း |
| (ဃ) | **စီမံကိန်းကာလ** | – အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – (၄၉.၅)ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဟွေပီဟူးဒေသ |
| (ဆ) | **ECC သက်တမ်း** | – (၅)နှစ်<br>စတင်ထုတ်ပေးရက် – ၁၀-၈-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် – ၉-၈-၂၀၂၇ |

(ဈ) **အတည်ပြုအစီရင်ခံစာ** - အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် တင်ပြထားသည့် ၁၃-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၇၂၈၇/၆၂၆/ထလရ-၁(၂၉)/ကသပပမ/၂၀၂၂

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၂၂.၉.၂၀၂၂

(လှမောင်သိန်း)

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

## ကုန်သွယ်ပံ့ပိုးမှုမြန်မာကုမ္ပဏီလီမိတက်မှ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဟွေပီဟူးဒေသရှိ မြေဧရိယာ (၄၉.၅) ဧကတွင် ခနောက်စိမ်းသတ္တုအသေးစားမှ အလတ်စားသို့ကူးပြောင်း ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ ကုန်သွယ်ပံ့ပိုးမှုမြန်မာကုမ္ပဏီလီမိတက်မှ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဟွေပီဟူး ဒေသရှိ မြေဧရိယာ(၄၉.၅)ဧက ကျယ်ဝန်းသော ခနောက်စိမ်းသတ္တု အသေးစားမှ အလတ်စားသို့ ကူးပြောင်းထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ၁၃-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၇၂၈၇/ ၆၂၆/ ထလရ - ၁ (၂၉)/ ကသပပမ/ ၂၀၂၂ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဦးမျိုးသန်း၊ မန်နေဂျင်းဒါရိုက်တာ၊ အမှတ်(၂၇၄)၊ အခန်းအမှတ် (၁၁)၊ (၇) ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၂၆၀၆၀၂၉၇၆၊ ကုန်သွယ်ပံ့ပိုးမှုမြန်မာကုမ္ပဏီလီမိတက်ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် (၄၉.၅) ဧက ကျယ်ဝန်း၍ ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်ရာတွင် Underground Mining Method အသုံးပြု၍ တူးဖော်သွားမည်ဖြစ်ပြီး၊ တူးဖော်ပြီးခနောက်စိမ်းများကို ပထမဦးစွာ လူအင်အားသုံး လက်ရွေး စနစ်ဖြင့် ရွေးချယ်ပြီး အခြားကျောက်များနှင့် ရောနှောစွဲကပ်နေသော ခနောက်စိမ်းသတ္တုများကို ကျောက်ခွဲစက်ဖြင့် ကြိတ်ခွဲကာ Gravity Concentration နည်းစဉ် အလေးစီးသတ္တုခွဲ ထုတ်ခြင်းစနစ်ဖြင့် တစ်နှစ်လျှင် ခနောက်စိမ်းသတ္တုတန်ချိန် (၂၀၀) မက်ထရစ်တန် တူးဖော် ထုတ်လုပ်သွားမည်ဖြစ်သည်။ ဝန်ထမ်းအင်အား (၆၃) ဦးဖြင့် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပြီး တစ်ရက်လျှင် အလုပ်ချိန်(၈)နာရီဖြင့် လုပ်ငန်းတာဝန်များအားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** နှစ်စဉ် စက်သုံးဆီ(ဒီဇယ်) အသုံးပြုမှုမှာ ( ၁၅၆၄၀) ဂါလံခန့် အသုံးပြုမည်ဖြစ်ပြီး ရေအသုံးပြုမှုမှာ ရေဂါလံ (၁၁၆၄၇၁၅) ခန့် အသုံးပြုမည်ဖြစ်သည်။

၅။ **စီမံကိန်းတည်နေရာ။** ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဟွေပီဟူးဒေသရှိ၊ မြေပုံညွှန်း 94/E8 A–110270 (19°12'26.68"N 97°28'49.20"E), B 114270 (19°12'26.85"N 97°29'1.74"E), C–118264(19°12'9.16"N 97°29'14.55"E), D–114264 (19°12'8.98"N 97°29'2.01"E) ဧက စုစုပေါင်း (၄၉.၅) ဧကတွင် တည်ရှိပါသည်။


ကုန်သွယ်ပံ့ပိုးမှုမြန်မာကုမ္ပဏီလီမိတက်၊ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဟွေပီဟူးဒေသရှိ
ခနောက်စိမ်းသတ္တုလုပ်ကွက်၏ တည်နေရာပြမြေပုံ



## ကုန်သွယ်ပုံပိုးမှုမြန်မာကုမ္ပဏီလီမိတက်၊ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဟွေပီဟူးဒေသရှိ ခနောက်စိမ်းသတ္တုလုပ်ကွက်၏ Layout Plan Map



## ကုန်သွယ်ပွဲပိုးမှုကုမ္ပဏီလီမိတက်၏ ခနောက်စိမ်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ပြပုံ



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူသည် အမှတ် (၁)သတ္တုတွင်းလုပ်ငန်း မှတစ်ဆင့် ၁၃-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၇၂၈၇/၆၂၆/ထလရ-၁(၂၉)/ကသပပမ/၂၀၂၂ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင် ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်း သိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် (၄၉.၅) ဧက ကျယ်ဝန်း၍ ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်ရာတွင် Underground Mining Method အသုံးပြု၍ တူးဖော်သွားမည်ဖြစ်ပြီး၊ တူးဖော်ပြီးခနောက်စိမ်း များကို ပထမဦးစွာ လူအင်အားသုံး လက်ရွေးစနစ်ဖြင့် ရွေးချယ်ပြီး အခြားကျောက် များနှင့် ရောနှောစွဲကပ်နေသော ခနောက်စိမ်းသတ္တုများကို ကျောက်ခွဲစက်ဖြင့် ကြိတ်ခွဲကာ Gravity Concentration နည်းစဉ် အလေးစီးသတ္တုခွဲထုတ်ခြင်းစနစ်ဖြင့် တစ်နှစ်လျှင် ခနောက်စိမ်းသတ္တုတန်ချိန် (၂၀၀) မက်ထရစ်တန် တူးဖော်ထုတ်လုပ် သွားမည်ဖြစ်သည်။ ဝန်ထမ်းအင်အား (၆၃)ဦး ဖြင့် လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပြီး တစ်ရက်လျှင် အလုပ်ချိန်(၈)နာရီဖြင့် လုပ်ငန်းတာဝန်များအား ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ခနောက်စိမ်းများ စုပုံကွင်းသို့ သယ်ယူရာတွင်လည်းကောင်း၊ စုပုံကွင်းမှ ဈေးကွက်သို့ တင်ပို့ရောင်းချရန် သယ်ယူရာတွင်လည်းကောင်း ပြင်ပသို့ ဖုန်မှုန့်များ ပျံ့လွင့်မှုမရှိစေရန်မိုးကာများ စနစ်တကျ လုံခြုံအောင်ဖုံးအုပ် ပြီးမှ သယ်ဆောင်ခြင်းများ ပြုလုပ်ဆောင်ရွက်သွားရန်၊

(၂) ဖုန်မှုန့်ပျံ့လွင့်မှုနည်းပါးစေရန် လုပ်ငန်းခွင်ဧရိယာအတွင်းနှင့် ဖုန်မှုန့်ပျံ့လွင့်သော နေရာများကို(၁)ရက်လျှင် သုံးကြိမ် ရေဖြန်းခြင်းများ ဆောင်ရွက်ရန်၊

(၃) ဝန်ထမ်းများအား သတ်မှတ်ဝတ်စုံနှင့်နှာခေါင်းစီးများ တပ်ဆင်စေပြီးမှ လုပ်ငန်းခွင် သို့ဝင်ရောက်စေရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ပေါ်လာသည့် စွန့်ထုတ်ရေများအား အနည်ထိုင်ကန်၊ ရေစစ်ကန်များစီမံပြုလုပ်၍ အဆင့်ဆင့်ဖြတ်သန်းစေပြီး၊ စံနှုန်းများအရ အနည်ထိုင်သန့်စင်သွားရန်၊

(၂) မြေစာပုံနှင့်ခနောက်စိမ်းပုံတို့မှ ထွက်ရှိသောအနည်အနစ်များအား အနည်တားမြောင်း ဖောက်လုပ်ပြီး စနစ်တကျသွယ်တန်းကာ လုပ်ငန်းသုံးစွန့်ပစ်ရေစုကန်သို့ စီးဝင်စေရေး ဆောင်ရွက်ရန်၊

(၃) လုပ်ကွက်အတွင်းရှိစိမ့်ထွက်ရေ၊ ရွာသစ်မြို့နယ် အထွေထွေသုံးရေကန်နှင့် လုပ်ငန်းသုံးစွန့်ပစ်ရေစုကန်များမှ ရေနမူနာများအား (၆)လ တစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၄) ရေအောက်သယံဇာတများ၊ ရေနေသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်နိုင်မည့် အစီအမံများထားရှိ ဆောင်ရွက်သွားရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေဆီလွှာပျက်စီးခြင်းများအား ကာကွယ်နိုင်ရန် ဓာတုဗေဒဆေးများ၊ လောင်စာဆီများ၊ စက်ဆီချောဆီများ မယိုဖိတ်စေရေးအတွက် ခိုင်ခံ့ကောင်းမွန်သော သံလှောင်ကန်များ၊ တိုင်ကီများအတွင်းသိုလှောင်ခြင်းများ ပြုလုပ်ဆောင်ရွက်သွားရန်၊

(၂) စွန့်ပစ်မြေစာများအား သတ်မှတ်ထားသည့်နေရာတွင် စနစ်တကျ စုပုံထားရှိ သွားရန်၊

(၃) မြေထုအရည်အသွေး နေရာ(၁) ခုတွင် pH, Arsenic, Mercury, Lead, Iron,Zinc, Cadmium တို့အား (၆)လ တစ်ကြိမ် စမ်းသပ်စစ်ဆေးသွားရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံဖြစ်ပေါ်မှုအား (၆)လ တစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊ ဆူညံသံဖြစ်ပေါ်မှုအား လုပ်ကွက်အတွင်းတွင် (55-45)dB နှင့် လုပ်ငန်းခွင် အတွင်း ဆူညံသံအား (70)dB ဖြစ်စေရေးအတွက် ထိန်းသိမ်းသွားရန်၊

(၂) အလုပ်သမားများအား အသံဆူညံမှုနှင့်ပတ်သတ်၍ ထိန်းသိမ်းရန် အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၃) စက်ယန္တရားကြီးများအား လိုအပ်သောချိန်မှသာ အသုံးပြုစေခြင်းနှင့် ဖြစ်နိုင်ပါက ညပိုင်းတွင်အသုံးမပြုခြင်းများ ဆောင်ရွက်သွားရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေများတွင် ဆိုင်ယာနိုဒ်၊ အာဆင်းနစ်၊ ဆယ်လ်နီယမ်၊ သံ၊ ခရိုမီယမ်၊ မင်းဂနီးစ်၊ ပြဒါးစသောဘေးဖြစ်စေတတ်သည့် ဓါတ်သတ္တုများမပါရှိစေရေး အတွက် စီမံဆောင်ရွက်သွားရန်၊

(၂) လုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများဖြစ်သော ပုလင်းခွံ၊ သံဗူးခွံ၊ ပလက်စတစ်၊ အသုံးပြုပြီးသော ချောဆီစသည့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်သွားရန်၊

(၃) ပလက်စတစ်၊ ဓါတ်ဆေး၊ လွန်တွင်းရွှံ့ရည် စသော စွန့်ပစ်ပစ္စည်းများမှ ဓာတ်ပြုဆိုးကျိုးများ မဖြစ်ပွားစေရန်၊ အမှိုက်ကန်များ၊ ကျင်းများ၊ ရေစစ်ကန်များကို အဖုံးအကာများ ပြုလုပ်သွားရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ကွက်ဧရိယာအတွင်း စီမံကိန်းမဆောင်ရွက်သောနေရာများကို ထိန်းသိမ်းကာကွယ်တောအဖြစ် ဆောင်ရွက်ထားရှိရန်၊

(၂) သစ်တော/သစ်ပင်များကို ခုတ်ထွင်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ထင်းအဖြစ်သုံးစွဲခြင်း မရှိစေရန် စောင့်ကြည့်စစ်ဆေးတားမြစ်သွားရန်၊

(၃) တောရိုင်းတိရိစ္ဆာန်များကို အမဲလိုက်ခြင်း၊ ထောင်ချောက်ဆင် ဖမ်းစီးခြင်းများအား တင်းကြပ်စွာ တားဆီးသွားရန်။

(ဈ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆေးပေးခန်းတစ်ခု ထူထောင်ထားရှိပြီး စီမံကိန်းလုပ်သားများ ကျန်းမာရေးအတွက် ပုံမှန်စစ်ဆေးစောင့်ရှောက်သွားရန်၊

(၂) လုပ်ငန်းခွင်အတွင်း ထိခိုက်မှုများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာဦးစီးဌာနများ သို့သတင်းပေးပို့သွားရန်၊

(၃) လုပ်သားဝန်ထမ်းများအားလုံး လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အတွက် ဘေးအန္တရာယ်ကာကွယ်ဝတ်စုံ(PPE)များ ဝတ်ဆင်ကာ လုပ်ငန်း ဆောင်ရွက်စေရန်၊

(၄) လစဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် လုပ်ငန်းခွင်ရှိလုပ်သားများ တွေ့ဆုံဆွေးနွေး ခြင်း/ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းများ ပြုလုပ်သွားရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) အရေးပေါ်အခြေအနေတစ်စုံတစ်ရာဖြစ်ပွားလာပါက ဝန်ထမ်း၊ လုပ်သား များအားလုံး အနီးဆုံး ဆက်သွယ်ရေးကိရိယာရှိရာနေရာသို့ စုစည်းသွား ရောက်နိုင်စေရေး စီမံထားရှိဆောင်ရွက်သွားရန်၊

(၂) ဆင့်ကဲဆင့်ကဲ သတင်းပို့စနစ်နှင့် အချက်ပြစနစ်များအား ကြိုတင်ရှင်းလင်း လေ့ကျင့် သင်ကြားပေးရန်၊

(၃) အဆိပ်အတောက်ဖြစ်စေမည့် ဓာတုဗေဒ၊ ပိုးမွှား ပျော်ဝင်ပစ္စည်းများ ပျံ့နှံ့ ဝင်ရောက်ခြင်း ရှိ/မရှိ စမ်းသပ်စစ်ဆေးသည့် ကိရိယာ (Rapid Test Kits) များအသင့်ထားရှိ ဆောင်ရွက်သွားရန်၊

(၄) နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သော ဖြစ်ရပ်များအတွက် ကြိုတင်စဉ်စား သုံးသပ်ကာ ရှင်းလင်းရေးအစီအစဉ်များအား ရေတို/ ရေရှည် စီမံ ဆောင်ရွက်သွားရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ခနောက်စိမ်းတူးဖော်ထုတ်လုပ်မှုကြောင့် လေထုညစ်ညမ်းမှု မရှိစေရန် အတွက် လေထုအရည်အသွေးအား (၆)လတစ်ကြိမ် တိုင်းတာစစ်ဆေး ၍ အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက် များနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်သွားရန်၊

(၂) ခနောက်စိမ်းတူးဖော်ရာမှ ထွက်ရှိသော လုပ်ငန်းသုံးစွန့်ပစ်ရေ နမူနာ ကောက်ယူ၍ PH နှင့် Base Metal Impurities များပါဝင်မှုအား (၆) လ တစ်ကြိမ် ISO လက်မှတ်ရ (Laboratory) ဓာတ်ခွဲခန်းများသို့ ပေးပို့၍ ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်သွားရန်၊

(၃) စွန့်ပစ်မြေစာစွန့်ပစ်မှုနှင့် လုပ်ငန်းသုံးစွန့်ပစ်ရေများ ပြန်လည်အသုံးပြုမှု အခြေအနေများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားရန်၊

(၄) ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၊ ဆောင်ရွက်မှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စိမ်းလန်းစိုပြေရေးနှင့် သဘာဝ သစ်တောသစ်ပင်ထိန်းသိမ်းမှု အခြေအနေများအား စဉ်ဆက်မပြတ် စောင့်ကြပ် ကြည့်ရှုစစ်ဆေးသွားရန်၊

(၅) ဒေသခံပြည်သူများနှင့် အနည်းဆုံးတစ်နှစ်လျှင်(၃) ကြိမ် တွေ့ဆုံဆွေးနွေးခြင်း၊ လိုအပ်ပါက အကြိမ်ရေတိုးမြှင့်ကာ တွေ့ဆုံဆွေးနွေးညှိနှိုင်းသွားရန်၊

(၆) စီမံကိန်းတာဝန်ရှိသူများမှ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာကို(၁)နှစ် လျှင်(၂)ကြိမ် စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာ ပြုစုတင်ပြသွားရန်။

(ဠ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** ကုန်သွယ်ပံ့ပိုးမှုမြန်မာကုမ္ပဏီလီမိတက် အနေဖြင့် ဒေသခံပြည်သူများနှင့် အနည်းဆုံးတစ်နှစ်လျှင်(၃)ကြိမ် တွေ့ဆုံဆွေးနွေးခြင်း၊ လိုအပ်ပါကအကြိမ်ရေတိုးမြှင့်ကာ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားရန်နှင့် CSR လုပ်ငန်းများအတွက် ရန်ပုံငွေကျပ် (၂၀၀) သိန်း ခန့်လျာထားသုံးစွဲသွားရန်နှင့် CSR လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်ပါက လုံလောက်သည့်ပမာဏအထိ ငွေကြေးထပ်မံဖြည့်စွက်သုံးစွဲသွားရမည်။

(ဎ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အားအောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ထိခိုက်နိုင်မှုများအပေါ် လျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်အတွက် အသုံးစရိတ် နှစ်စဉ်ရန်ပုံငွေကျပ် (၁၃၅) သိန်း လျာထားသုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် ဆောင်ရွက်ရန်အတွက် အသုံးစရိတ် နှစ်စဉ် ရန်ပုံငွေကျပ်(၁၇၅) သိန်း လျာထားသုံးစွဲရန်၊

(၃) စီမံကိန်းအဆိုပြုသူမှ CSR လုပ်ငန်းများဆောင်ရွက်ရန်အတွက် နှစ်စဉ်ရန်ပုံငွေကျပ် (၂၀၀)သိန်း လျာထားသုံးစွဲရန်၊

(၄) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီမှ ကျပ်သိန်း (၅၀)ခန့် လျာထားသုံးစွဲရန်၊

(၅) ဘေးအန္တရာယ်ကာကွယ်ရေး၊ ကျန်းမာရေးနှင့် စွမ်းဆောင်ရည်မြင့်တင်ခြင်း သင်တန်း အစီအစဉ်များ ဆောင်ရွက်ရန်အတွက် နှစ်စဉ်ရန်ပုံငွေကျပ် (၇၅)သိန်း လျာထားသုံးစွဲရန်။

(ဏ) **လုပ်ငန်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ထားသည့် တွင်းများ၊ ချိုင့်များအား Tailing များ ဖြည့်တင်းပြီး မြေညှိ၍ ၎င်းအပေါ်တွင် Top Soil များပြန်လည် အသုံးပြုကာ ဒေသမျိုးရင်းဖြစ်၍ ကြီးထွားနှုန်း မြင့်သောအပင်များ စိုက်ပျိုးသွားရန်၊

(၂) မြေသားပြိုကျနိုင်သော နံရံများ၊ တောင်စောင်းများရှိနေပါက သစ်ပင်များ စိုက်ပျိုး၍ မြေထိန်းခြင်းပြုလုပ်မည်ဖြစ်ပြီး လိုအပ်လာပါက မြေထိန်းနံရံများ ပြုလုပ်သွားရန်၊

(၃) စီမံကိန်းများအတွင်း တူးဖော်ထားသည့် Shaftများ၊ Adit များကို စနစ်တကျပိတ်ဆို့ရေးကို အထူးအလေးထားစီမံ ဆောင်ရွက်သွားရန်၊

(၄) စီမံကိန်းပြီးစီးချိန်တွင် ဆောက်လုပ်ထားသော အဆောက်အဦများအား ဖျက်သိမ်းသယ်ယူခြင်း၊ စက်ယန္တရားများအား အခြားစီမံကိန်းသို့ ပြောင်းရွှေ့ခြင်း၊ လူ့အသုံးအဆောင်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများအား တွင်းတူး၍ မြှုပ်ခြင်းများ ဆောင်ရွက်သွားရန်၊

(၅) လုပ်ကွက်ဧရိယာအတွင်း ယာယီဖောက်လုပ်ထားသည့် လမ်းများအား ပြန်လည် ပြုပြင်ပေးခြင်း၊ မြေဖို့ခြင်းများ ဆောင်ရွက်သွားရန်၊

(၆) စီမံကိန်းလုပ်ငန်းများပြီးဆုံးချိန်တွင် ဖြစ်ပေါ်ခဲ့သော ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများကို စီမံကိန်းလုပ်ငန်းမစတင်မီ နမူနာ ကောက်ယူခဲ့သော ဓာတ်ခွဲစမ်းသပ်ချက်များနှင့် နှိုင်းယှဉ်၍ စောင့်ကြည့်ကာလ (၅)နှစ် အတွင်း အနီးစပ်ဆုံးရရှိသည်အထိ ပြန်လည်ပြုပြင် ဆောင်ရွက်သွားရန်၊

(၇) တူးဖော်ထုတ်လုပ်မှု ဆောင်ရွက်ပြီး ပြုပြင်ထိန်းသိမ်းထားသည့် သဘာဝ ပတ်ဝန်းကျင်အခြေအနေများအား ပိတ်သိမ်းပြီး စောင့်ကြည့်ကာလ(၅)နှစ် အတွင်း ရန်ပုံငွေထားရှိ၍ စောင့်ကြည့်ဆောင်ရွက်သွားရန်၊

(၈) မိုင်းပိတ်သိမ်းခြင်း အစီရင်ခံစာအား ပိတ်သိမ်းခြင်းမပြုမီ(၁)နှစ်အလိုတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ တင်ပြ သွားရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆)တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ နှင့် ပင်မလုပ်ငန်းအစီအစဉ်တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်း ဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ များနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည် ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု ၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ် များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေး လုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက်အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက် ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်များနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ နှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) စီမံကိန်းမှ တစ်နှစ်လျှင် ဘေးကာကျောက်နှင့်သတ္တုရိုင်း ထွက်ရှိမည်ဖြစ်သောကြောင့် အဆိုပါစွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှုမဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျ စွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှု မရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်နှင့် မည်သည့်ဖောက်ခွဲမှုတွင်မဆို 120 dB Linear ထက် မကျော်လွန်စေရန်၊ မြေတုန်ခါမှုအတွက် 5mm/s (Peak Particle Velocity – ppv) ထက် မကျော်လွန်စေရန်နှင့် ဖောက်ခွဲခြင်းကို နေ့အလင်းရောင်ရှိသည့် အချိန်တွင်သာ ပြုလုပ်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၃) ယမ်းဖောက်ခွဲသည့်အချိန်တွင် မိုင်းလုပ်သားများ အကြားအာရုံထိခိုက်မှု မရှိစေရေးအတွက် မိုင်းလုပ်သားများအား (Personal Protective Equipment- PPE) ထောက်ပံ့ပေးရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက်ရေရယူသုံးစွဲခြင်းဆိုင်ရာစည်းကမ်းချက်များ။**

သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကိုအလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်ကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်း စတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေများ ၁၈၆ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပိတ်သိမ်းရန် စီစဉ်ထားသည့် အချိန် မတိုင်မီ(၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်း အစီအစဉ် ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံ မြေဆီလွှာများ ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များစိုက်ပျိုးရန်၊အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန် ယူ ဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်ကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း

သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှုသို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သောပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယား အတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(၇) စီမံကိန်းဧရိယာအတွင်းမမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများ ကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍

သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(ဈ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံ စာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည် ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂဂ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) အစီရင်ခံစာအား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြု သည့် ကုစားမှု ဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ သတ်မှတ်ထား သည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက် များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဉ) စီမံကိန်းအဆိုပြုသူသည်တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက် ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊လုပ်သားနေရာထိုင်ခင်း

စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECC နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။**

စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချ ထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့်

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၄) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်း သတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံ အဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများ အားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်

ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများ အားလုံးကို ထိန်းသိမ်းထားရန်။

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့် အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကိုတောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့် ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့် ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှ ဖြစ်စေ၊

ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်း ကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများ စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့်အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ထားရှိဆောင်ရွက်ရမည်-

(၁) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးရန်ပုံငွေ ထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ် ကြိုတင် ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို သတ္တုတွင်းနည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် သတ္တုတွင်းနည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်း မကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုး သက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတ အသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေများ ၁၉၂ (က)အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန် အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်း များတွင် ထိုငွေရေးကြေးရေး အာမခံချက်ကိုအသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီး ဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။